

## ဗိုလ်ချုပ်စောစိုင်းကေ

ဗိုလ်ချုပ်စိုင်းကေသည် မော်လမြိုင်မြို့နယ် ဘီလူးကျွန်းတွင် ၁၉၁၅ ခုနှစ်၌မွေးဖွားသည်။ငယ်ရွယ်စဉ်က မော်လမြိုင်မြို့ကရင်အထက်တန်းကျောင်းတွင်ပညာသင်ကြားပြီးနောက် ရန်ကုန်မြို့ရှိ ယုဒသန်ကောလိပ်၊ရန်ကုန်ယူနီဗာစီတီတွင်တက္ကသိုလ်ပညာသင်ကြားဆည်းပူးပြီး (BA) ဝိဇ္ဇာတန်းကို အောင်မြင်ခဲ့သည်။ BL ခေါ်ဝတ်လုံသင်တန်းသို့ တက်ရောက်သင်ကြားသေးသည်။ ၎င်း၏မိဘများသည်ကရင်များတွင် အလယ်တန်းစားလူတန်းစားဖြစ်သည်။ တက္ကသိုလ်တက်နေစဉ် စောစိုင်းကေသည် နိုင်ငံ ရေးကို လိုက်စားသူ တယောက်ဖြစ်သည်။ ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂတွင် ဗိုလ်ချုပ်အောင်ဆန်း တို့နှင့် အတူ သမဂ္ဂခေါင်းဆောင်တဦးဖြစ်ခဲ့သည်။ BA အောင်ပြီးနောက် ရန်ကုန်မြို့လျှပ်စစ်ဓာတ်အားပေးရေး၊ အင်္ဂလိပ်နယ်ချဲ့အရင်းရှင် ကုမ္ပဏီတွင်ဝင်ရောက် အလုပ်လုပ်ကိုင်သည်။ အလုပ်လုပ်စဉ် ကုမ္ပဏီ ပိုင်ရှင်နယ်ချဲ့သမားကအလုပ်သမားများကို ဖိနှိပ်သည့်ဒဏ် မခံမရပ်ဖြစ်ပြီး ၎င်းမှ အလုပ်သမားများကို ခေါင်းဆောင်ကာ သပိတ်မှောက်တိုက်ပွဲဆင်နွှဲခဲ့သည်။အလုပ်မှထုတ်ပစ်ခြင်းခံရပြီးနောက်စစ်တပ်သို့ ဝင်ရောက်လုပ်ကိုင် လာသည်။ KYO ဖွဲ့စဉ်က KYO ခေါင်းဆောင်တဦးအဖြစ်ပါဝင်ခဲ့ပြီး KNU ဖွဲ့သောအခါ ခေါင်းဆောင်တဦးအဖြစ်ပါဝင်လာ၍ ကေအဲန်ယူ ခေါင်းဆောင်တဦးအဖြစ်ဥက္ကဌစောဘဦးကြီးနှင့်အတူ တိုင်းပြည်နှင့်လူမျိုးအတွက် အသက်ပေးသွားသည်။ စောစိုင်းကေသည် KNU ဗဟိုခေါင်းဆောင် သုဝဏ္ဏတိုင်းသတင်းစာ အယ်ဒီတာချုပ်အဖြစ်ရုံးသာမက KNDO ၏ စစ်ဆင်ရေးမှူးလည်းဖြစ်ပေသည်။ စောစိုင်းကေသည် ပညာအုပ် ဦးတုတ်၏သမီး နော်အေးကြူနှင့် အိမ်ထောင်ကျခဲ့သည်။

**စောစိုင်းကေ၏ နှစ်သက်ရာနှင့် ဂုဏ်ပြုဖွယ်ရာခံယူချက်မှာ**

၁. မဟာဝါဒ ဆန့်ကျင်ပြီး လူမျိုးစုံ သွေးစည်းညီညွတ်ရေးဝါဒကို ခံယူကျင့်သုံးသူဖြစ်သည်။



၂. ၎င်းတွင် မျိုးနွယ်စု၊ ဘာသာရေး၊ အတန်းအစားဂိုဏ်း ဂန မရှိပေ။

၃. နယ်ချဲ့စနစ်၊ ပဒေသရာဇ်စနစ်ကို ဆန့်ကျင်သူဖြစ်သည်။

၄. ခေတ်ပညာတတ်၊ ကရင်ထဲတွင် အထက်တန်းလွှာ အရာရှိတစ်ဦးဖြစ်သော်လည်း ကရင်အရေးဆောင်ရွက်ရာတွင် ပစ္စည်းမဲ့ဘဝကို ခံယူကျင့်သုံးသူဖြစ်သည်။

၅. နိုင်ငံရေး အမြင်ကျယ်ပြီး တော်လှန်ရေးစိတ်အပြည့်အဝရှိသူဖြစ်သည်။

၆. တိုးတက်သောအမြင်၊ စည်းကမ်းကို လေးစားခြင်း၊ ကိုယ်ကျိုးကိုစွန့်လွှတ်ခြင်းဖွဲလုံ့လ သတ္တိရှိသူဖြစ်သည်။ အလုပ်လုပ်ရာတွင် စဉ်းစားပေဖန်ပိုင်းခြားလုပ်တတ်သူဖြစ်သည်။

၇။ ကရင်များ သာမက လူမျိုးတိုင်း၏ ချစ်ကြည်လေးစားခြင်းခံရသူဖြစ်သည်။







# (၇၃)နှစ်ပြေည့်ကရင့်အမျိုးသား အာဇာနည်နေ့

## 12 August 2023



ကီၢ်ခိၣ် စီၤတးအူကံ့ တၢ်ကတိၤ ၄ ထံၣ်

၁. ကတိၤတၢ်ပာ်လီၤခုကဲၤအဝ့ၢ်တဝ့ၤ

၂. ကညီဖိခုကဲၤကတၢၣ်အိၣ်လၢကညီဖိခုပူၤ

၃. ကညီကီၢ်ကတၢၣ်တၢ်သ့ၣ်ညါပာ်ပနီၣ်အီၤ

၄. ကညီကတၢၣ်စံၣ်ညီၣ်တီနံၣ်အတူၣ်အတီၢ်ခၣ်ဝဲ

### စောဘဦးကြီး မှ (၄) ချက်

၁. လက်နက်ချစကား အလျဉ်းမပြောရ။

၂. ကရင့်လက်နက် ကရင့်လက်ထဲမှာ ရှိရမည်။

၃. ကရင်ပြည်အသိအမှတ်ပြုခြင်း ပြီးပြည့်စုံရမည်။

၄. ကရင့်ကံကြမ္မာ ကရင်ဖန်တီးရမည်။

၁၉၅၀ခုနှစ် ဩဂုတ်လ (၁၂) ရက်နေ့ သည်ကရင်အမျိုးသားများအဖို့ ကြီးမားသော ဆုံးရှုံးမှု ဖြစ်ရသည့်နေ့ ဖြစ်သည်။ ဤနေ့တွင်ခေါင်းဆောင်ကြီး စောဘဦးကြီး၊ ဗိုလ်ချုပ်စိုင်းကေ တို့သည် ကော့က ရိတ်မြို့နယ် ထိုကော်ကိုးရွာအနီးတွင် ရန်သူ၏ပိတ်ဝိုင်းတိုက်ခိုက်ခြင်း ခံရပြီး ခေါင်းဆောင်ကြီး များမှ အာဇာနည် ပီပီနောက်ဆုံးကျည်ဆန်တတောင့်ကျန်သည်အထိ အညံ့မခံအရှုံးမပေးဘဲ အသက်ပေးတိုက်ပွဲဝင်၍ တိုင်းပြည်နှင့် လူမျိုးအတွက်အသက်ကိုစွန့်လွှတ်ခဲ့ပေသည်။ကရင်များအဖို့ အကြီးမားသောဆုံးရှုံးမှုတရပ် ဖြစ်သည်။ ကရင့်တော် လှန်ရေးတွင် ဥက္ကဋ္ဌကြီး စောဘဦးကြီး၊မန်းဘဇန်၊စောဟန်ထာသာမွှေး၊ဗိုလ်ချုပ်စိုင်းကေ၊စောအောင်ဝင်း၊စကော မောလေး တို့ဦးဆောင်လျှက်ရှိရာ၌စောအောင်ဝင်း သည် ၁၉၄၉ ခုနှစ် ညောင်လေးပင် တိုက်ပွဲတွင်ကျဆုံးသွားသည်။ စကောမောလေးသည်၁၉၅၀ ခုနှစ် တောင်ငူ(၇)မိုင် ကားလမ်းတိုက်ပွဲတွင် ကျဆုံးသွားသည်။ ကျဆုံးသွားသောခေါင်းဆောင်များ၏အတ္ထုပ္ပတ္တိ အကျဉ်းချုပ်မှ အောက်ပါအတိုင်းဖြစ်သည်။



## ဥက္ကဋ္ဌကြီး စောဘဦးကြီး

ပုသိမ်မြို့နယ်၊ဘဲကယက် ကျေးရွာတွင် ၁၉၀၅ ခုနှစ်တွင်မွေးဖွားသည်။ ကရင်များအတွင်း အချမ်းသာဆုံးဟုအသိအမှတ်ပြုခံရသော မြေရှင်ကြီး စောသာမြတ်ကြီး၏ သားဖြစ်သည်။ ငယ်ရွယ်စဉ်အခါ ပုသိမ် မြို့နယ် စကောကရင် ကျောင်းတွင် အလယ်တန်းအထိပညာသင်ကြားပြီးနောက် မော်လမြိုင်မြို့ ဝက်ထက်စပွန် အလွတ်ပညာသင်ကျောင်းတွင် အလယ်တန်း အောင်သည်အထိ ပညာသင်ကြား၍ ဝတ်လုံတော်ဘွဲ့ကို ရယူရန် အင်္ဂလန်ပြည်တွင် သွားရောက်ပညာသင်၍ဝတ်လုံတော်ဘွဲ့ထူးကို ဆွတ်ခူးခဲ့သည်။



တစ်ဦး နှင့် အိမ်ထောင်ပြုပြီး သား တစ်ယောက်၊ သမီးတယောက်ရရှိခဲ့သည်။ ဒုတိယကမ္ဘာစစ်မဖြစ်မီ ကာလတွင်မိမိအိမ်ထောင်စုနှင့်အတူမြန်မာပြည်သို့ရောက်လာပြီးပုသိမ်မြို့တွင် နေထိုင်၍ရှေ့နေလိုက်သည်။ စစ်ကြီးဖြစ်လာသောအခါမိမိ၏ဇနီးသည်နှင့် ခလေး ၂ ယောက်ကို အင်္ဂလန်သို့ ပြန်ပို့ပြီး မိမိမှာ မြန်မာပြည်တွင် နေရစ်သည်။

ဒုတိယ ကမ္ဘာစစ်အတွင်း၌စောဘဦးကြီးသည်ကရင်အမျိုးသားတာဝန်ကို ခြေစုံပစ်၍ လုပ်ဆောင်လာသည်။ ဂျပန်များမြန်မာပြည်ကို သိမ်းယူအုပ်စိုးသောအခါ စောဘဦးကြီးသည်ပုသိမ်မှရန်ကုန်မြို့သို့ပြောင်းရွှေ့လာသည်။ကရင်ပြဿနာဖြေရှင်းရေးအတွက် ကေစီအို ကရင်ဗဟိုအဖွဲ့ချုပ် ဖွဲ့လိုက်သောအခါ ၎င်းသည် ခေါင်းဆောင်တဦးအဖြစ် ပါဝင်၍တာဝန် ကိုကျေပွန်စွာထမ်းဆောင်ပါသည်။ဂျပန်ဆန့်ကျင်ရေးတော်လှန်ရေးတွင်လျှို့ဝှက်စွာ ပါဝင်ခဲ့သည်။ ဒုတိယကမ္ဘာစစ် အပြီးတွင် ကရင့်အမျိုးသားတာဝန်ကိုဆက်လက်၍ ထမ်းဆောင်သည်။ စစ်ကြီးပြီးဆုံးသွားသောအခါကရင်အမျိုးသားတာဝန်ကိုဆက် လက်ထမ်းဆောင်ရန် ဆုံးဖြတ်ချက်အရ မိမိဇနီးနှင့် သားသမီးများ ရှိရာ အင်္ဂလန်သို့ မပြန်တော့ဘဲ မြန်မာပြည်တွင် ဆက်လက်နေ ထိုင်သည်။ ဇနီးမောင်နှံ အတူ မနေနိုင်တော့၍ မိမိ၏ ဇနီးသည်၏ ခွင့်ပြုချက်အရ လင်မယားချင်းကွာရှင်းခြင်းပြုလိုက်သည်။ ဤသို့ကွာရှင်းလိုက်သော်လည်းမိမိ၏ဇနီးနှင့် ကလေးများကိုဆက်လက်၍စောင့်ရှောက်သွားသည်။ ၁၉၄၇ ခုနှစ်တွင်အရေးပိုင်သမီးနော်မော်နီတာ (BA) နှင့် နောက် အိမ်ထောင်ပြုသည်။

စောဘဦးကြီးသည် ကရင့်အရေးအတွက်အင်္ဂလန်သို့ ချစ်ကြည်ရေးအဖွဲ့ကို ကေစီအိုမှ စေလွှတ်ရာတွင်အဖွဲ့ဝင်တစ်ဦးအနေဖြင့် ပါဝင်ဆောင်ရွက်ခဲ့သည်။ ကေစီအိုအဖွဲ့ဝင် ခေါင်းဆောင် တစ်ဦးဖြစ် သည်။ KNU ဖွဲ့လိုက်သောအခါ ခေါင်းဆောင်တစ်ဦး ဖြစ်လာပြန်ပြီး စောစံဖိုးသင်မှ ဖောက်ပြန်၍ KNUမှနုတ်ထွက်သွားသောအခါ စောဘဦးကြီးမှဥက္ကဋ္ဌအဖြစ်ကရင်အမျိုးသားခေါင်းဆောင်ဖြစ်လာသည်။ ဤအချိန်မှစ၍ကရင့်အတွက်အသက်ပေးသွားသည်အထိ ခေါင်းဆောင်ကြီးတစ်ဦးဖြစ်ခဲ့သည်။



# စောဘဦးကြီး၏ ဂုဏ်တော် (၇) ပါး

**၁. ပညာစွန့်**

- Bar at Law ဗြိတိသျှ အင်ပါယာ တစ်ခုလုံး ရှေ့နေ လိုက်ခွင့်ရရှိသော်လည်း လူမျိုးနှင့် တိုင်းပြည်ကို ချစ်သော သံယောဇဉ်ရှိသောကြောင့် အင်္ဂလန်ပြည်မှ ပြန်လာခဲ့။

**၂. သားမယားစွန့်**

- စစ်အတွင်း မိသားစု လုံခြုံရေးကြောင့် အင်္ဂလန်ပြည် ပြန်သည့်ဇနီးနှင့် သားသမီးနောက်မလိုက်ပဲ လိုအပ်ချက်အရ ကရင့်အ ရေးအရာများအတွက် မိမိဘဝကို မြှုပ်နှံခဲ့။

**၃. ရာထူးစွန့်**

- ကရင်နိုင်ငံရေး လိုအပ်ချက် ၁၉၄၇ ခုနှစ် မော်လမြိုင် ကွန်ဖရင့် ဆုံးဖြတ်ချက်အရ ရာထူးမှ နုတ်ထွက်ခဲ့။

**၄. ကရင်ပြည်သူလူထုတစ်ရပ်လုံးကို နိုင်ငံရေးလမ်းပြခဲ့**

- တိုင်းပြုပြည်ပြု လွှတ်တော် ရွေးကောက်ပွဲကို ဆန့်ကျင်ကာကရင်လူထုဆန္ဒဖော်ထုတ်ပွဲ။
- ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့
- ၁၉၄၉ ခုနှစ်ဇန်နဝါရီ ၃၁ ရက်နေ့ကရင်နိုင်ငံရေးခုခံစစ်ဖာပွန်ကွန်ဂရက်။
- ၁၉၅၀ ခုနှစ် မော်ချီးအသံလွှင့်ရုံမှ မူ (၄) ချက်။

**၅. အကြီးမားဆုံးလူထုအင်အားစုစည်းနိုင်ခဲ့**

- ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်နေ့တွင် အင်အား (၄၅၄၁၀၀) အင်အားရှိသောလူထုဆန္ဒဖော်ထုတ်ပွဲကြီးကို ဒီမိုကရေစီနည်းအကျဆုံး စည်းရုံးဖော်ထုတ်နိုင်ခဲ့။

**၆. စီးပွားစွန့်**

- မအူပင်ငွေတိုက်မှ ငွေကို ကရင်လူငယ် (၁၉) ဦးမှ ထုတ်ယူသုံးစွဲခဲ့သဖြင့် ပိုင်ဆိုင်သော လယ်ကေ ၁၀၀၀ ကိုရောင်းချ ကာ အစိုးရကို ပေးလျော်ခဲ့။
- ကရင်ခေါင်းဆောင်များကို စံပြရှေ့ဆောင်လမ်းပြခဲ့။

**၇. အသက်စွန့်**

- ၁၉၅၀ ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့တွင် ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်၊ ထိုကော်ကိုးဒေသတွင်ရန်သူများ၏တိုက်ခိုက်မှုကြောင့် အသက်ပေးစွန့်ခဲ့။